# ဂျူအန်နီတို၏အဝန်းအဝိုင်း

## Juanito's Circle

ခြေခင်းလက်ခင်းသာသော တစ်နေ့တွင် ဂျူအန်နီတိုတစ်ကောင်သည် ကျွန်မတို့၏ အိမ်နီးချင်းအဖြစ် ပြောင်းရွှေ့ရောက်ရှိလာခဲ့သည်။ ဂျူအန်နီတို့သည် ယဉ်ပါးသောအမူအရာ ရင်းနှီးလွယ်သော အသွင်အပြင်ရှိသည်။ နီရဲသော အမွေးများရှိပြီး မျက်လုံးများက တောက်ပနေကာ အသံကုန်ဟောင်တတ်သည်။

နွေရာသီတွင် ကျွန်မ၏ အိမ်ရှေ့ခြံဝင်းထဲရှိ ပန်းဥယျာဉ်ကလေးသည် လှပသောအပင်ကလေးများ၊ ဖူးပွင့်ဝေဆာနေသော ရောင်စုံပန်းပွင့်များ၊ စိမ်းလန်းစိုပြေသော မြက်ခင်းကလေးနှင့်အတူ အသက်ဝင်လာလေ့ရှိသည်။ နေသာသော ညနေခင်းများတွင် ပန်းဥယျာဉ်ကလေးကို မြေဖို့ပေါင်းသင်၊ အလှဆင်ပြုပြင်ပေးရခြင်းကား ကျွန်မအတွက် စိတ်ကြည်နူးစရာပင်။ ကျွန်မ၏အိမ်မွေး ထိုင်းကြောင်ကလေး ၂ကောင်သည် ဂျူအန်နီတိုရောက်မလာခင်ကာလအထိ အိမ်ရှေ့တံခါးဝတွင် မြက်ပင်ကလေးများကိုစားရင်း လူးလိမ့်ကစားနေလေ့ရှိကြသည်။

ဂျူအန်နီတို လာသည်ကိုမြင်သည်နှင့် ကျွန်မက သူ့ထံသို့ မလိုမုန်းထားသော မျက်နှာနှင့်အပြေးအလွှားသွားခဲ့သည်။ သူလာလျှင် ကျွန်မ၏ဥယျာဉ်ထဲတွင် ကြောင်ကလေးများနှင့်အတူ ပျော်ရွှင်ကြည်နူးရသော အချိန်ကလေးများ ထိခိုက်ပျက်စီးရတတ်သည်။ ကျွန်မအိမ်မှ ထွက်သည့်အခါတိုင်း သူ၏တောက်ပသော မျက်လုံးရွဲကြီးများနှင့်ကြည့်ကာ အမြီးတနံ့နံ့ဖြင့် နှုတ်ဆက်လေ့ရှိသော်လည်း ကျွန်မကမူ သူ့ကိုမောင်းထုတ်ပြစ်လေ့ရှိသည်။

သို့ဖြင့် တစ်နေ့တွင် ထိုအခြေအနေမှ လွတ်ကင်းရန် အချိန်အတန်ကြာမျှ ကျွန်မဆုတောင်းနေခဲ့သည်။ ထိုစဉ်တွင်ပင် ဂျီးဆက်က ဂျူအန်နီတိုကို ကျွန်မတို့ကဲ့သို့မဟုတ်ဘဲ ထူးခြားစွာရှုမြင်ပုံကို ကျွန်မအံ့သြစွာ အာရုံပြုလိုက်မိသည်။ မှန်ပါသည်။ ဂျူအန်နီတိုသည် ခွေးလေခွေးလွင့်တစ်ကောင်သာ ဖြစ်ပါသည်။ သို့ရာတွင် သူသည် ယဉ်ပါးသော ချစ်ဖို့ကောင်းသော ခွေးတစ်ကောင် ဖြစ်ပါသည်။ ဥပမာဆိုရပါမူ ဘယ်အိမ်တွင် ဘယ်သူနေသည်ကို သိရှိရန် ဂျူအန်နီတိုအတွက် အချိန်သိပ်မယူလိုက်ရပါ။ အချိန်တိုအတွင်း အလွယ်တကူ မှတ်မိသိရှိပါသည်။ ကျွန်မဖြစ်စေ၊ အိမ်နီးချင်းတစ်ဦးဦးဖြစ်စေ အိမ်သို့ပြန်လာသည့်အခါတိုင်း သွားဖြည်း၍ အမြီးနှံ့ကာ နှုတ်ဆက်ပြီး အိမ်တံခါးအဝအထိ ခြံရံလိုက်ပါပို့ဆောင်လေ့ရှိပါသည်။ ဤမျှအကင်းပါး၍ ချစ်စရာကောင်းသော ခွေးလေတစ်ကောင်ဖြစ်ပါသည်။ သို့ရာတွင် ကျွန်မတို့၏ အိမ်နီးချင်းအချို့ကသာ သူ့အပေါ် အကြင်နာ ခေါင်းပါးခဲ့လျှင် ဂျူအန်နီတိုတစ်ကောင် အစာငတ်၍ သေခဲ့သည်မှာ ကြာလောက်ပေပြီ။ ဂျီးဆက်က ကျွန်ုပ်တို့အား ဂျူအန်နီတိုကို စောင့်ရှောက်ကျွေးမွေးစေလိုသည်။ အကြောင်းမူ သူ့အဖို့ ကျွန်မတို့ကိုလိုအပ်သည်။ ကျွန်မတို့၏ အကြင်နာကိုလိုအပ်ပါသည်။

ထို့ကြောင့် ကျွန်မက သူ့အတွက် အရိုးအရင်းများနှင့် စားကြွင်းစားကျန်များကို စုဆောင်းပေးခဲ့ရပါသည်။ သူသည် ဘာကိုပဲစားရစားရ စိတ်လက်ရွှင်မြူးနေပြီး ကျွန်မတို့ကို ကျေးဖူးတင်နေတတ်ပါသည်။

သာယာလှသော ညနေခင်းကလေးတစ်ခုတွင် အနီးဝန်းကျင်၌ ဂျူအန်နီတိုကို မတွေ့ရပါ။ အရိပ်အရောင်မျှပင် မမြင်ရသောကြောင့် ကျွန်မ၏ ကြောင်ကလေး ၂ကောင်ကို ပန်းခြံကလေးထဲသို့ ထုတ်လာခဲ့ပါသည်။ ကြောင်ကလေးများ ဆော့ကစားနေချိန်တွင်မူ ကျွန်မနှင့် ကြောင်ကလေးများ ရှိသည့်နေရာနှင့် အလှမ်းမဝေးလှသော ခြုံပုတ်တစ်ခုအောက်တွင် အခန့်သားလဲလျောင်းနေသော ဂျူအန်နီတိုကို ဘွားကနဲတွေ့လိုက်ရပါတော့သည်။ သူက ကြောင်ကလေးများကို မြင်တွေ့သွားသကဲ့သို့ သူဘာတွေးနေမည်ကိုလည်း ကျွန်မအတတ်ပြောနိုင်ပါသည်။ သို့ရာတွင် သူက ကျွန်မကို တိုက်ရိုက်စူးစိုက်ကြည့်လိုက်ပြီး ခြုံပုတ်အောက်တွင်ပင်ပြန်၍ လှဲနေလိုက်ပါသည်။ သူက ကျွန်မကို စူးစိုက်ကြည့်လိုက်သော အခိုက်အတန့်ကလေးတွင်ပင် "မစိုးရိမ်ပါနဲ့ဗျာ၊ ကျွန်တော်တို့က မိတ်ဆွေတွေပါ" ဟု သူက ကျွန်မကိုပြောနေသရောင် ထင်လိုက်မိပါသည်။ ကြောင်ကလေးများကလည်း အတန်ကြာမျှ ကစားမြဲကစားနေကြပြီးနောက် ကျွန်မတို့ ဘာပြဿနာမျှမရှိဘဲ အိမ်ထဲသို့ဝင်ခဲ့ကြပါသည်။

ကျွန်မက ဂျူအန်နီတိုကို ချန်လှပ်ထားသော အဝန်းအဝိုင်းတစ်ခုကို ဆွဲထားခဲ့သော်လည်း ဂျူအန်နီတိုကမူ ကျွန်မတို့အားလုံး အဝင်အပါဖြစ်သော၊ မိတ်ဆွေဆန်သော၊ လေးစားမှုရှိသော၊ လက်ခံမှုပြည့်ဝသော အဝန်းအဝိုင်းတစ်ခုကို ဆွဲထားခဲ့ပေပြီ။

ထိုနေ့ညနေက ဂျူအန်နီတိုထံမှ ရခဲ့သော သင်ခန်းစာကို အမှီပြု၍ ကျွန်မ၏ အခြားသူများအပေါ်တွင် ထားရှိသော သဘောထားနှင့် အပြုအမူများကို ပြန်လည်တွေးတော ကြည့်ခဲ့မိပါသည်။ မတိုက်ဆိုင်မှုများ၊ ကွဲလွဲမှုများရှိလာလျှင် အခြားသူများကို ချန်လှပ်ထုတ်ပယ်သော အဝန်းအဝိုင်းတစ်ခုကို ကျွန်မဆွဲဖို့ရည်သန်မိပါသလား။ သို့မဟုတ် အခြားသူများပါဝင်သော အဝန်းအဝိုင်းတစ်ခုကို ဖန်တီးဖို့စိတ်ကူးမိပါသလား။ ဘုရားသခင်သည် သူ၏တစ်ဦးတည်းသောသား ဂျီးဆက်ကို သူ၏ချစ်ခြင်းမေတ္တာအား ပြသရန် ကျွန်ုပ်တို့လောကကြီးထဲသို့ ပို့လွှတ်သောအခါ ကျွန်ုပ်တို့၏ ဒုစရိုက်မှုများ၊ ချို့ယွင်းချက်များကို ပမာမထားဘဲ ကျွန်ုပ်တို့အားလုံးပါဝင်သော မေတ္တာအဝန်းအဝိုင်းကြီးတစ်ခုကို အလုံအလောက်ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မတွင်ကော ထိုသို့သော မေတ္တာတရားမျိုး ရှိနိုင်ပါမည်လား။

( ဗစ်တိုးရီးယား အော်လီဗက်တာ)

(By. Victoria Olivetta)

# ပေါင်းကူးတံတားတည်ဆောက်ခြင်း

## Build Bridges, Not Wall

လူများသည် အထီးကျန်ဆန်နေကြရသည်။ အကြောင်းမူကား သူတို့သည် တံတားဆောက်၍ ပေါင်းကူးကြရမည့်အစား နံရံကြီးများဆောက်၍ တံတိုင်းထားကြသောကြောင့် ဖြစ်သည်ဟု ဂျီးဆက်က မိန့်ခဲ့သည်။ မည်မျှမှန်ကန်လိုက်ပါသနည်း။

လူတိုင်းနီးပါးပင် အနည်းငယ်ကလေးမျှလောက်တော့ ကိုယ်ကျိုးကြည့်လိုကြသည်။ မိမိ၏ လိုအင်ဆန္ဒများကို အခြားသူများထက် ရှေ့တန်းတင်ပြီး ထိပ်ဆုံးနေရာတွင် ရှိချင်ကြသည်မှာ လူ့သဘာဝပင်ဖြစ်ပါသည်။ ကိုယ်ကျိုးဆန္ဒ၊ ကိုယ့်ကိစ္စများကိုသာ ဦးစားပေး၍ လုံးထွေးရစ်ပတ်နေရန် လွယ်ကူလှပါသည်။ သို့ရာတွင် ဤသို့အတ္တကိုသာ ရှေ့တန်းတင်သောအခါ သင်သည် လောကထဲရှိ ထူးဆန်းထွေလာ အံ့ဩဖွယ်ရာများနှင့် ထူးခြားအံ့ဩဖွယ် လူသားများကို မျက်ကွယ်ပြုကာ သင့်ကိုယ်သင်ပိတ်လှောင် စည်းခြားထားခြင်းသည်ပင် သင့်အနေဖြင့် ပို၍ပို၍ ကြီးမားသောပြဿနာကြီးကို ဖန်တီးနေခြင်းဖြစ်ပေသည်။

သင်သည် အခြားသူများကို အလှမ်းမီ၍ ပေါင်းကူးဆက်စပ်မိရန် တံတားများတည်ဆောက်သည် ဆိုပါစို့။ သို့အတွက် ပြဿနာအချို့နှင့် ရှုတ်ထွေးမှုအချို့ ပိုမိုတိုးပွားလာနိုင်ခြေ ရှိသော်လည်း ထိုပြဿနာများနှင့် ရှုတ်ထွေးမှုများကို လက်ခံရန် ထိုက်တန်လှပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုပြဿနာများနှင့် ရှုတ်ထွေးမှုများက သင်၏ဘဝထဲသို့ နွေးထွေးမှု၊ ရင်းနှီးမှု၊ ချစ်ခင်မှုနှင့် ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့ကို သယ်ဆောင်လာသောကြောင့်ပေတည်း။ ယင်းက အပေးအယူမျှခြင်း၏ ပဓာနအကြောင်းဖြစ်သည့်ပြင် ကြိုးစားအားထုတ်မှု၊ စိတ်ရှည်သည်းခံမှုနှင့် ဖွဲ့ရှိမှုတို့လည်း လိုအပ်ပါသည်။ တံတားဟူသည်ကား သူ့အလိုအလျောက် ပေါ်ပေါက်လာခြင်းကား မဟုတ်ပေ။ တစ်ခါတစ်ရံတွင်မူ သင်သည် သူတို့ထံသို့ ဦးတည်၍ ပေါင်းကူးတံတားတည်ဆောက်နေခြင်းဖြစ်ကြောင်းကို အစဦးကာလတွင် သူတို့အနေဖြင့် သတိမမူမိကြပါချေ။ သို့ရာတွင် လူတိုင်းသည် အတ္တကိုသာ ရှေ့တန်းတင်သော စိတ်ဓါတ်ရှိကြပြီး မိမိကိုယ်မိမိ တံတိုင်းခတ်ကာရန်နေကြလျှင် လောကကြီးသည် ကြောက်မက်ဖွယ်ရာ အထီးကျန်ဆန်နေသော နေရာတစ်ခု ဖြစ်လာပေတော့မည်။

ချစ်ခြင်းမေတ္တာနှင့် နားလည်မှုတို့အတွက် ဆုတောင်းခြင်းဖြင့် တံတားတစ်ခု စတင်တည်ဆောက်ပါ။ ထို့အပြင် ထိုတံတားသည် ကျွန်ုပ်အတွက် သင့်အား လိုအပ်သည့်နေရာများတွင် လိုအပ်သလို ပြုပြင်ပြောင်းလဲရေးအတွက် အကူအညီပေးရန်လည်းဖြစ်သည်။ အခြားသူများ၏ လိုချင်မှုနှင့် လိုအပ်မှုတို့အတွက် သင့်အနေဖြင့် စတင်ဆင်ခြင်သောအခါ သင်လျှောက်ရမည့် လမ်းစဉ်ကား နေသားတကျရှိသွားပေပြီ။ ထိုနောက် သင့်ကိုယ်တိုင်က ပြောဆိုဆက်ဆံရန် ခက်ခဲသူများထံသို့ ချဉ်းကပ်လျှောက်လှမ်းရင်းဖြင့် တံတားကို ဖြည်းဖြည်းချင်း ဆန့်ထုတ်တည်ဆောက်ပါ။ တံတားကို မည်သို့ကိုင်တွယ်လျှောက်လှမ်းရမည်ကို မသိလျှင် သို့မဟုတ် တံတား၏ အခြားတစ်ဘက်တွင် သင့်အား မည်သို့လက်ခံကြိုဆိုမည်ကို မသိလျှင် တံတားကို ပထမဦးဆုံးအကြိမ် ဖြတ်သန်းရာ၌ သတ္တိမွေးရန် လိုအပ်ပါသည်။ စွန့်စားရန် လိုအပ်ပါသည်။ သို့ရာတွင် တံတားတစ်ဘက်သို့ ရောက်သွားလျှင်မူကား သင်သည် အတိုင်းမသိသော ပီတိကို ခံစားရမည်မှာကား မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ သင်၏ အခြားသူများ အတွက် ကိုယ်ကျိုးမဖက်သော စွမ်းဆောင်မှုတိုင်းနှင့် အခြားသူများထံသို့ ဦးတည်ဆန့်ထုတ်သော ခြေလှမ်းတိုင်းအတွက် ကျွန်ုပ်ချီးကျူးဂုဏ်ပြုပါသည်။

(A message from Jesus)